Myanmar Red Cross Society

# အလုပ်လျှောက်လွှာခေါ်ယူခြင်း

| | | |
|---|---|---|
| **ရာထူးအမည်** | **:** | **ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လက်ထောက် (WASH Assistant)** |
| အရေအတွက် | : | (၁) ဦး |
| အစီရင်ခံတင်ပြမှု | : | စီမံကိန်းညှိနှိုင်းရေးမှူး |
| ဌာန | : | ရခိုင်ပြည်နယ်စီမံချက်လုပ်ငန်းများစီမံခန့်ခွဲမှုယူနစ် |
| Program | : | Community Resilience Program |
| တာဝန်ကျရာနေရာ | : | စစ်တွေ |
| Grade | : | C1 |
| စာချုပ်သက်တမ်းကာလ | : | ဒီဇင်ဘာလ ၂၀၂၀ ထိ |
| အကျိုးခံစားခွင့်များ | : | လစာ + Staff House + Hardship Area Allowance + ကိုယ်ခန္ဓာထိခိုက်မှုနှင့် ရောဂါဘယအာမခံ + လုပ်ငန်းတွင်း သင်တန်းများ + ခရီးသွားစရိတ် + အိမ်ပြန်နားရက်ခံစားခွင့်/ လုပ်သက်ခွင့် + ရှောင်တခွင်ခွင့် + ကူးစက်ရောဂါကာကွယ်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + အစားထိုးခံစားခွင့် |
| **လျှောက်လွှာပိတ်ရက်** | **:** | **၂၃.၀၆.၂၀၂၀၊ (၁၆:၃၀) နာရီ** |

**ရခိုင်ပြည်နယ်စီမံချက်များစီမံခန့်ခွဲမှုယူနစ်၊ စစ်တွေရုံးခွဲ၏ အကြောင်းအရာ။** ။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာန(၁၂)ခုတွင် ရခိုင်ပြည်နယ်စီမံချက်များ စီမံခန့်ခွဲမှုယူနစ်သည် တစ်ခုအပါအဝင်ဖြစ်သည်။ ရခိုင်ပြည်နယ်စီမံချက်များ စီမံခန့်ခွဲမှုယူနစ်ကို ဌာနချုပ်ရုံး၊ စစ်တွေရုံးခွဲနှင့် မောင်တောရုံးခွဲတို့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ စစ်တွေရုံးခွဲသည် စစ်တွေမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်နှင့် မြေပုံမြို့နယ်များတွင် ဆောင်ရွက်လျက်ရှိသော လူထုအခြေပြုစီမံကိန်း/စီမံချက်လုပ်ငန်းများ၊ လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အခြေခံမူများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ရခိုင်ပြည်နယ်စီမံချက်လုပ်ငန်းများ စီမံခန့်ခွဲမှုယူနစ်၊ စစ်တွေရုံးခွဲအုပ်ချုပ်မှုအောက်ရှိ Community Resilience Programတွင် ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများအတွက် တာဝန်ထမ်းဆောင်ရန် WASH Assistant ရာထူး(၁)နေရာ လစ်လပ်လျက်ရှိပါသည်။ စစ်တွေရုံးတွင် အခြေပြုဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်ပါက စီမံကိန်း

"Person with disability are encouraged to apply this post as they will be given equal opportunity"
"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"

အခြားမြို့နယ်များသို့ သွားရောက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာ လုပ်ငန်းများတွင် အချိန်အခါမရွေး ပါဝင်ဆောင်ရွက်သူဖြစ်ရပါမည်။

**လုပ်ငန်းတာဝန်များ**

(၁) ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစီအစဉ်များရေးဆွဲရန်/ Budget များ ရေးဆွဲရန်အတွက် စီမံကိန်းညှိနှိုင်းရေးမှူးကို ကူညီဆောင်ရွက်ပေးရမည်။

(၂) စီမံကိန်းကျေးရွာများရှိ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အချက်အလက်များကို စုစည်း ထားရှိရမည်။ Up to date ဖြစ်အောင် အမြဲဆောင်ရွက်ရမည်။ အခြေခံအချက်အလက်များ ကောက်ယူခြင်း၊ ဆန်းစစ်လေ့လာခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရမည်။

(၃) စီမံကိန်းကျေးရွာများရှိ စီမံချက်ကော်မတီ၊ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းအဖွဲ့၊ ရေနှင့်ပတ်ဝန်း ကျင်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းအဖွဲ့များနှင့် ချိတ်ဆက်ညှိနှိုင်းပြီး ကျေးရွာလူထု လုပ်ငန်းအစီအစဉ် (community plan of action) များတွင် ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လိုအပ်ချက်များကို ဦးစားပေးအလိုက် ထည့်သွင်းရေးဆွဲနိုင်ရေး ပံ့ပိုးဆောင်ရွက်ရမည်။

(၄) စီမံကိန်းကျေးရွာများမှ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လိုအပ်ချက် အဆိုပြုလွှာ (Proposal) များ ရေးသားတင်ပြနိုင်ရန်အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်။

(၅) ကျေးရွာစေတနာ့လုပ်အားရှင်များ၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းအဖွဲ့များ၏ အရည် အသွေးမြင့် တက်လာစေရန် သင်တန်းများပေးခြင်း၊ On job trainingများ ဆောင်ရွက်ခြင်း၊ နည်းပညာ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ရမည်။

(၆) ကျေးရွာအတွင်း ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများတွင် ပြည်သူလူထုမှ ပူးပေါင်း ပါဝင်လာအောင် (community mobilization) စည်းရုံးလှုံ့ဆော် ဆောင်ရွက်ရမည်။

(၇) စီမံကိန်းကျေးရွာများအတွင်း တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို PHAST (Participatory Hygiene and Sanitation Transformation) နည်းလမ်းဖြင့် ဆောင်ရွက်ရမည်။

(၈) စီမံကိန်းကျေးရွာများအတွင်း သောက်သုံးရေ၊ တစ်ကိုယ်ရည်နှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများကို PHAST (Participatory Hygiene and Sanitation Transformation) နည်းလမ်းဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်းများ အချိန်မှီ အရည်အသွေး ပြည့်မီစွာ ပြီးစီး စေရန် ကျေးရွာလူထုစည်းရုံးရေးမှူးများ၊ ကျေးရွာစေတနာလုပ်အားရှင်များနှင့် ပုံမှန်တွေ့ဆုံ၍ အနီးကပ် ကူညီကြီးကြပ် ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ရမည်။

(၉) ဆောက်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် နည်းပညာအကူအညီအား Shelter Coordinatorနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ အသင်းမှ သတ်မှတ်ထားသော လမ်းညွှန်ချက်များအတိုင်း အရည်အသွေး ပြည့်မီအောင် ကြီးကြပ်ရမည်။ တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေး ကိစ္စရပ်များအတွက် Health Teamနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**

(၁၀) စီမံကိန်းကျေးရွာများအတွင်း ရေအရင်းအမြစ်များ ဖော်ထုတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ နည်းပညာပံ့ပိုးပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသအတွင်းရှိ WASH လုပ်ငန်းဆောင်ရွက်နေသော အခြားအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

(၁၁) စီမံကိန်းကျေးရွာများအတွင်း ကျေးရွာပြည်သူထုအနေဖြင့် သန့်ရှင်းသော သောက်သုံးရေ ရရှိသုံးစွဲနိုင်မှု၊ တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေးအသိပညာများ တိုးတက်လာမှု၊ အလေ့အကျင့်များ တိုးတက်ကောင်းမွန်လာမှု အခြေအနေများကို အမြဲမပြတ် စောင့်ကြည့်လေ့လာပြီး စီမံကိန်းညှိနှိုင်းရေးမှူးသို့ တင်ပြရမည်။

(၁၂) အကျိုးခံစားခွင့်ရှိသူများအကြား ဆက်သွယ်ရေး တာဝန်ရှိသူအဖြစ် ဆောင်ရွက်ကာ ဘက်လိုက်မှု၊ အဂတိလိုက်စားမှု မရှိအောင် ကြီးကြပ်ဆောင်ရွက်ရမည်။

(၁၃) စီမံကိန်းကျေးရွာများရှိ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းအဖွဲ့များ ကျေးရွာလူထုစည်းရုံးရေးမှူး၊ ကျေးရွာ စေတနာလုပ်အားရှင်များနှင့် တစ်လတစ်ကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပုံမှန်လုပ်ဆောင်ရမည်။

(၁၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လစဉ်အစီရင်ခံစာများ၊ အစည်းအဝေးမှတ်တမ်းများကို စုစည်း၍ စီမံကိန်းညှိနှိုင်းရေးမှူးသို့ တင်ပြရမည်။

(၁၅) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သတ်၍ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊ ဝယ်ယူရေးဆိုင်ရာ ကိစ္စရပ်များတွင် စီမံကိန်းညှိနှိုင်းရေးမှူးကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးရမည်။

(၁၆) လုပ်ငန်းလိုအပ်ချက်အရ ပေးအပ်သော အခြားလုပ်ငန်း/တာဝန်များကိုလည်း ထမ်းဆောင်နိုင်ရမည်။

**လိုအပ်သောအရည်အချင်းများ**

- **မြန်မာနိုင်ငံသားဖြစ်ရမည်။**
- အသက် (၂၃) မှ အသက် (၅၀) နှစ် အတွင်း ဖြစ်ရမည်။
- တက္ကသိုလ် မှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
- လူထုအခြေပြု ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး စီမံကိန်းလုပ်ငန်းများတွင် အတွေ့အကြုံ အနည်းဆုံး (၁) နှစ်ရှိရမည်။
- UN/NGO/NGO အဖွဲ့အစည်းများတွင် ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းများ လုပ်ကိုင်ဖူးသူ/ အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- Computer (Microsoft word, Excel, PowerPoint) ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ (မြန်မာ/ English)

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**

- လူထုဦးဆောင်မှုဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး မြှင့်တင်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ရာတွင် သက်ဆိုင်ရာစံနှုန်းများ ၊ နည်းလမ်းများ နှင့် ပတ်သတ်၍ ဗဟုသုတ/ ကျွမ်းကျင်မှု ရှိသူဖြစ်ရမည်။
- စိတ်ပိုင်းဆိုင်ရာ/ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းပြီး သွက်လက်နိုးကြားသူ ဖြစ်ရမည်။
- ကြက်ခြေနီ အခြေခံမူများနှင့်အညီ အသင်း၏ လှုပ်ရှားမှုများတွင် ဆောင်ရွက်နိုင်ရမည်။
- လူမှုပေါင်းသင်းဆက်ဆံရေးနှင့် ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်သူ ဖြစ်ရမည်။
- မတူညီသော လူအဖွဲ့အစည်း နှစ်ခုအကြား လိုက်လျောညီထွေရှိစွာ ဆောင်ရွက်နိုင်သောသူ ဖြစ်ရမည်။
- Community Mobilization & Facilitation Skill ကျွမ်းကျင်သူ ဖြစ်ရမည်။
- အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရား ကောင်းမွန်သူ ဖြစ်ရမည်။
- ဒေသခံ ကြက်ခြေနီ စေတနာလုပ်အားရှင်များကို ဦးစားပေးမည်။
- ပါတီ၊ နိုင်ငံရေး ကင်းရှင်းသူဖြစ်ရမည်။
- **တပ်ပြေး/ ရဲပြေးနှင့် ပြစ်မှုတစ်စုံတစ်ရာကြောင့် အဖွဲ့အစည်းတစ်ခုခုမှ ထုတ်ပစ်/ ထုတ်ပယ်ခံထားရသူများ မဖြစ်ရ။**
- မြန်မာဘာဘာစကားနှင့် ဒေသခံဘာသာစကား တတ်ကျွမ်းသူများကို ဦးစားပေးမည်။

**စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့် အတူလိုအပ်သော အထောက်အထား မိတ္တူ/ PDF Versionဖြင့် ပြည့်စုံစွာ ပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရုံးချုပ်**
**ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊**
**နေပြည်တော်။**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရုံးခွဲ**
**အမှတ် (၄၂) ၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်။**

(သို့မဟုတ်) **mrcsrsp@gmail.com** သို့ လိပ်မူကာ ပေးပို့ရမည်။

အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**

**"Person with disability are encouraged to apply this post as they will be given equal opportunity"**
**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**